**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

# ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ

**သတင်းလွှာ( ၁၈ /၂၀၂၁)**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်

အကြောင်းအရာ။ **ပြည်ပမှ တင်သွင်းသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသောကုန်စည်လိုင်းများအဖြစ် သတ်မှတ်ထုတ်ပြန်ခြင်း**

၁။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနောက်ဆက်တွဲအနေဖြင့် စီးပွားရေးလုပ်ငန်းများတုံ့ဆိုင်းခြင်းကို ပြန်လည်ကုစားနိုင်ရန်၊ နိုင်ငံ၏ ပို့ကုန်တင်ပို့မှု၊ သွင်းကုန်တင်သွင်းမှုများ စနစ်တကျရှိစေရန်နှင့် ပြည်ပမှ ကုန်စည်များတင်သွင်းမှုအတွက် နိုင်ငံခြားငွေကြေးအသုံးပြုမှုကို ထိန်းညှိဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်ပမှ တင်သွင်းသည့်ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့ ကုန်စည်လိုင်းများကို သွင်းကုန်လိုင်စင်စနစ်သို့ ပြောင်းလဲကျင့်သုံးရာတွင် တင်သွင်းသည့် လုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်စေရန်အတွက် အဆင့်အလိုက်ခွဲခြား၍ လိုင်စင်လျှောက်ထားရန်လိုသော စာရင်းကို ထုတ်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ပထမအဆင့်အနေဖြင့် အီလက်ထရောနစ်ပစ္စည်း၊ စားသောက်ကုန်အချို့၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ စက္ကူပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့်သက်ဆိုင်သည့် ပူးတွဲပါ 2017 Customs Tariff of Myanmar အရ HS. Code 6 digit ဖြင့် ကုန်စည်(၁၄၂၈)လိုင်း သို့မဟုတ် HS. Code 10 digit ဖြင့် ကုန်စည်(၃၀၇၀)လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ သတ်မှတ်လိုက်သည်။

၄။ သို့ဖြစ်၍ ၂၂.၁၀.၂၀၂၀ ရက်နေ့တွင်ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၂၀ အရ သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော HS. Code 10 digit ဖြင့် ကုန်စည်လိုင်း (၃၉၃၁) လိုင်း

အပါအဝင် ပူးတွဲပါ HS Code များဖြင့် သတ်မှတ်ထားသော ကုန်စည်များသည် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းများဖြစ်ကြောင်းနှင့် အထက်အပိုဒ် ၃ ပါ လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းရာတွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထား ရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

၅။ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော အထက်အပိုဒ်(၃)ပါ ကုန်စည်စာရင်းအား ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**

## သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသည့် ကုန်စည်စာရင်းအဖြစ် ထပ်ထိုးသတ်မှတ်သည့် ကုန်စည်စာရင်း အခြေပြဇယား

| Ch No. | Total HS Code | လက်ရှိ လိုင်စင် လျှောက်ထား ရန်လိုသည့် ကုန်စည်လိုင်း | လိုင်စင် လျှောက် ထားရမည့် ထပ်တိုး ကုန်စည်လိုင်း | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|---|
| 01 | 52 | 52 | | တိရစ္ဆာန်အရှင်များ |
| 02 | 80 | 80 | | အသားနှင့် စားသုံးနိုင်သော ဝမ်းတွင်းသားများ |
| 03 | 383 | 383 | | ငါး၊ အခွံမာရေနေသတ္တဝါများ၊ ခရုများနှင့် အခြားကျောရိုးမဲ့ ရေနေသတ္တဝါများ |
| 04 | 64 | 42 | 17 | နို့ထွက်ပစ္စည်းများ |
| 05 | 27 | 27 | | အခြားဖော်ပြထားခြင်းမရှိသော သို့မဟုတ် ထည့်သွင်းထား ခြင်းမရှိသော တိရစ္ဆာန်ထွက်ပစ္စည်းများ |
| 06 | 27 | 27 | | သက်ရှိအပင်များနှင့် အခြားအပင် ငယ်များ၊ သစ်မြစ် သစ်ဥ များနှင့် အလှတူ အပင်များ၊ ဖြတ်ထားသော ပန်းများနှင့် အလှဆင် သစ်ရွက်သစ်ခက်များ |
| 07 | 172 | 172 | | စားသုံးနိုင်သော ဟင်းသီးဟင်းရွက်များနှင့် အချို့သော သစ်မြစ်များနှင့် ဥမြစ်များ |
| 08 | 106 | 101 | 05 | သစ်သီးအစိုများ |
| 09 | 62 | 43 | 01 | Mate' |
| 10 | 46 | 45 | | ဂျုံစေ့ |
| 11 | 43 | 43 | | ဂျုံမှုန့်၊ ပြောင်းမှုန့်၊ နှံစားနှင့် မုယောစပါးမှုန့်၊ ပြောင်းမှုန့်၊ အာလူးမှုန့် စသည်များ |
| 12 | 84 | 83 | 01 | နေကြာစေ့ |
| 13 | 22 | 22 | | ချိပ်၊ ကော်၊ သစ်စေးနှင့် အခြားဟင်းသီးဟင်းရွက်မှ ထုတ် ယူထားသော အရည်များ၊ အစေးများ |
| 14 | 17 | 17 | | ယက်ထိုးနိုင်သည့် ဝါး၊ ကြိမ် အစရှိသည့် ကုန်ကြမ်းပစ္စည်းများ |
| 15 | 194 | 156 | | |
| 16 | 80 | - | 80 | ပြုပြင်ထားသောအသား၊ ငါး၊ ပုစွန်နှင့် ခရုများ |
| 17 | 34 | 29 | 05 | သကြားနှင့်ပြုလုပ်ထားသော စားဖွယ်ရာများ |
| 18 | 15 | - | 15 | ကိုကိုး၊ ကိုကိုး (အစေ့၊ အသား၊ အခွံ) စသည်ဖြင့် ပြုလုပ်ထား သော စားဖွယ်ရာများ |

| Ch No. | Total HS Code | လက်ရှိ လိုင်စင် လျှောက်ထား ရန်လိုသည့် ကုန်စည်လိုင်း | လိုင်စင် လျှောက် ထားရမည့် ထပ်တိုး ကုန်စည်လိုင်း | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|---|
| 19 | 63 | - | 63 | စားသောက်ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်း များ (မုယော၊ ဂျုံ၊ ကစီဓာတ်ပါဝင် သောအမှုန့်များ၊ နို့ဖြင့် ရောနှောထားသော အစားအစာများ) |
| 20 | 97 | - | 97 | ဟင်းသီးဟင်းရွက်၊ သစ်သီး၊ အခွံမာသီးနှင့် အပင်ထွက်ပစ္စည်း များဖြင့် ပြုပြင်ထုတ်လုပ်ထားသည့် တာရှည်ခံ စားသောက် ဖွယ်ရာများ (ယို၊ ဂျယ်လီ၊ ဖျော်ရည် အစရှိ သည်များ) |
| 21 | 63 | 18 | 18 | အသင့်စားသုံးနိုင်အောင်ပြင်ဆင်ထားသော အထွေထွေ စားဖွယ်ရာများ (ကော်ဖီမစ်၊ တီးမစ်၊ ရေခဲမုန့်၊ မုန့်ပွဆေး၊ ဆော့စ်အမျိုးမျိုး၊ စွပ်ပြုတ်အစရှိသည်များ) |
| 22 | 71 | 60 | 07 | အဖျော်ယမကာမပါဝင်သော အချိုရည်များ |
| 23 | 42 | 33 | | အိမ်မွေးတိရစ္ဆာန်အစာများ |
| 24 | 43 | 43 | | ဆေးရွက်ကြီး၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီး အစားထိုးပစ္စည်းများ |
| 25 | 90 | 86 | | |
| 26 | 42 | 42 | | သတ္တုရိုင်း၊ ချော်မြုပ် အညစ်အကြေးနှင့် ပြာ |
| 27 | 94 | 93 | | လေယာဉ်အင်ဂျင်သုံး အမဲဆီ |
| 28 | 227 | 227 | | အင်အော်ဂင်နစ်ဓာတုပစ္စည်းများ၊ အဖိုးတန်သတ္တုများ၊ ရှားပါးသတ္တုများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ (သို့) အိုင်ဆိုတုပ် များ၏ အော်ဂင်နစ် (သို့) အင်အော်ဂင်နစ် ဒြပ်ပေါင်းများ |
| 29 | 465 | 465 | | အော်ဂင်နစ်ဓာတုပစ္စည်းများ |
| 30 | 111 | 106 | | ဆေးဝါးဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ |
| 31 | 31 | 31 | | ဓာတ်မြေဩဇာများ |
| 32 | 85 | - | | ဆိုးဆေးအဆီများ၊ သစ်ခေါက်ရည်နှင့် ယင်းတို့၏ ဆင့်ပွားပစ္စည်း များ၊ သဘာဝ (သို့) ဖန်တီးပြုလုပ်ထား သော အရောင်ဆိုး ပစ္စည်း များ၊ သင်္ဘောဆေးနှင့် အရောင်တင် ဆီများ၊ ပတ်တီးဆေးနှင့် မင်ရည်များ |
| 33 | 47 | - | 47 | သဘာဝအမွှေးဆီ (Essential oils) နှင့် ချုပ်ဆေး၊ ရေမွှေး၊ အလှကုန် နှင့် သန့်စင်ခန်းသုံး ကုန်ပစ္စည်းများ |
| 34 | 62 | 12 | 14 | ဆပ်ပြာနှင့်ဆပ်ပြာကုန်ကြမ်း၊ လေယာဉ်သုံးချောဆီ၊ အရောင်တင်ဆီ |

| Ch No. | Total HS Code | လက်ရှိ လိုင်စင် လျှောက်ထားရန်လိုသည့် ကုန်စည်လိုင်း | လိုင်စင် လျှောက်ထားရမည့် ထပ်တိုးကုန်စည်လိုင်း | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|---|
| 35 | 21 | - | | |
| 36 | 19 | 12 | 07 | မီးခြစ်နှင့် မီးလောင်လွယ်သောပစ္စည်းများ |
| 37 | 54 | - | | |
| 38 | 161 | 100 | 19 | အချိုမှုန့်နှင့် အထွေထွေဓာတုဗေဒပစ္စည်းများ |
| 39 | 359 | 07 | 153 | ပလတ်စတစ်နှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး |
| 40 | 206 | 56 | 102 | ရာဘာနှင့် ရာဘာထွက်ပစ္စည်းများ |
| 41 | 39 | 26 | | သားရေကုန်ကြမ်း |
| 42 | 36 | - | 36 | သားရေနှင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ |
| 43 | 16 | 9 | | တိရစ္ဆာန်အမွေးဖြင့် ပြုလုပ်ထားသော အဝတ်အထည် သုံးပစ္စည်းများ |
| 44 | 227 | - | | |
| 45 | 07 | - | | |
| 46 | 28 | - | | |
| 47 | 22 | 05 | | သစ်သားပျော့ဖတ်နှင့် ဓာတုပျော့ဖတ်များ |
| 48 | 248 | - | 248 | သတင်းစာ၊ စက္ကူနှင့်ကတ်ထူပြား၊ စက္ကူပျော့ဖတ်၊ စက္ကူ (သို့) ကက်ထူပြား များမှရရှိသော ပစ္စည်းများ |
| 49 | 35 | - | 35 | ပုံနှိပ်စာရွက်စာတမ်းများ၊ စာအုပ် |
| 50 | 15 | 01 | | ပိုးချည်နှင့် ပိုးထည် |
| 51 | 39 | 04 | | တိရိစ္ဆာန်အမွေးဖြင့် ယက်လုပ်ထားသည့် ချည် |
| 52 | 145 | 03 | | ဝါဖြင့် ယက်လုပ်ထားသည့် ချည် |

| Ch No. | Total HS Code | လက်ရှိ လိုင်စင် လျှောက်ထား ရန်လိုသည့် ကုန်စည်လိုင်း | လိုင်စင် လျှောက် ထားရမည့် ထပ်တိုး ကုန်စည်လိုင်း | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|---|
| 53 | 31 | - | | ဂုန်လျှော်များ ၊ အထည်အလိပ်အမျှင် စက္ကူ ကြိုးများနှင့် စက္ကူချည်၏ ရက်ပိတ်ထည် |
| 54 | 90 | - | 90 | လက်ယက်ချည်၊ နိုင်လွန်ချည် |
| 55 | 116 | 02 | | နိုင်လွန်ကြိုး၊ ပလတ်စတစ်ကြိုးများ |
| 56 | 43 | - | | အထူးပြု လုပ်ထားသောချည်၊ ကျစ်ထားသောချည်ကြိုးများ၊၄င်းတို့နှင့်ဆိုင်သောပစ္စည်းများ |
| 57 | 63 | - | | ကော်ဇောနှင့် အခြားချည်သားနှင့် ပြုလုပ်ထားသော ကြမ်းခင်းများ |
| 58 | 84 | - | | အထူးရက်လုပ်ထားသောအထည်များ၊အတွဲလိုက်ချည်မျှင်များ၊ ဇာ ၊ ရုပ်ပုံများနှင့် အဆင်များ ဖော်ထားသော ပိတ်စများ၊ အနားကွပ်များနှင့် ပန်းထိုးထည်များ |
| 59 | 44 | - | | မွမ်းမံပြင်ဆင်ဖုံးအုပ်ထားသောအထည်များနှင့် စက်မှုလုပ်ငန်းသုံး ချည်ထည်ပစ္စည်းများ |
| 60 | 64 | - | | ဇာထိုးထားသော (သို့) တစ်ချောင်းထိုး အထည်များ |
| 61 | 131 | - | 131 | ဇာထိုးထားသော (သို့)တစ်ချောင်းထိုးထားသော အဝတ်အထည် ပစ္စည်းများ |
| 62 | 220 | - | 220 | ချုပ်ပြီးအဝတ်အထည်နှင့် တွဲဖက်သုံးအထည်များ |
| 63 | 91 | 5 | 86 | စောင်၊ စားပွဲခင်း၊ အိပ်ယာခင်း၊ လိုက်ကာ အစရှိသည့် အထည်များ |
| 64 | 52 | - | 52 | ဖိနပ်၊ ဒူးအောက်ပိုင်းတွင်ဝတ်ဆင်ရသော ပစ္စည်းများနှင့် အလားတူ ပစ္စည်းများ၊ ယင်းတို့၏ အစိတ်အပိုင်းများ |
| 65 | 15 | - | 08 | ခေါင်းစွပ်(ဦးထုပ်)နှင့် Safety Helmet |
| 66 | 07 | - | | |
| 67 | 12 | - | | |
| 68 | 82 | - | 82 | ကျောက်တုံး၊ ပလာစတာ၊ ဘိလပ်မြေတို့နှင့်ပြုလုပ်ထား သည့် အိမ်ဆောက်ပစ္စည်းများ |
| 69 | 61 | - | 61 | ဆောက်လုပ်ရေးနှင့်အိမ်သုံး ကြွေထည်၊ မြေထည်ပစ္စည်း များ |
| 70 | 107 | 01 | 06 | ဖန်နှင့် ဖန်ဖြင့်ပြုလုပ်ထားသော လူသုံး၊ အိမ်သုံးပစ္စည်းများ |

| Ch No. | Total HS Code | လက်ရှိ လိုင်စင် လျှောက်ထား ရန်လိုသည့် ကုန်စည်လိုင်း | လိုင်စင် လျှောက် ထားရမည့် ထပ်တိုး ကုန်စည်လိုင်း | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|---|
| 71 | 89 | 89 | | ပုလဲ ၊ ကျောက်စိမ်း၊ ငွေဒင်္ဂါးနှင့် အဖိုးတန်ကျောက်မျက်ရတနာများ |
| 72 | 368 | 07 | 361 | သံနှင့် စတီး (ကြိုး၊ ချောင်း၊ အပြား၊ အခွေ) ဆောက်လုပ်ရေးသုံးပစ္စည်း |
| 73 | 271 | - | 271 | သံနှင့် စတီးတို့ဖြင့် ပြုလုပ်ထားသည့် ဆောက်လုပ်ရေး သုံးနှင့် အိမ်သုံးပစ္စည်းများ (Tube, Pipe, Structure, Tank, Container, သံဆူးကြိုး၊ ) |
| 74 | 70 | 03 | | |
| 75 | 20 | 01 | | |
| 76 | 73 | 01 | 72 | အလူမီနီယမ်နှင့် အလူမီနီယမ်ဖြင့်ပြုလုပ်ထားသည့် အိမ်သုံးပစ္စည်းများ |
| 78 | 12 | 01 | | |
| 79 | 15 | 03 | 12 | သွပ်၊ သွပ်ဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများ |
| 80 | 12 | 01 | 11 | သံဖြူ၊ သံဖြူဖြင့် ပြုလုပ်ထားသည့် ပစ္စည်းများ |
| 81 | 52 | 52 | | အခြားသတ္တုများနှင့် ၄င်းတို့၏ Waste & Scrap များ |
| 82 | 75 | 02 | | စက်လွှ |
| 83 | 74 | - | | |
| 84 | 1315 | 32 | 131 | ပန့်၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာအစရှိသည့် စက်နှင့် စက်အပိုပစ္စည်းများ |
| 85 | 824 | 20 | 413 | ဆက်သွယ်ရေးသုံးပစ္စည်း များ၊ အိမ်သုံးလျှပ်စစ်ပစ္စည်း များ၊ အခြားလျှပ်စစ်ပစ္စည်းများနှင့် ၄င်းတို့၏ အပိုပစ္စည်းများ |
| 86 | 25 | - | | |
| 87 | 987 | 809 | | စက်ဘီး၊ မော်တော်ယာဉ်အပိုပစ္စည်းများ |
| 88 | 21 | 10 | | |

| Ch No. | Total HS Code | လက်ရှိ လိုင်စင် လျှောက်ထား ရန်လိုသည့် ကုန်စည်လိုင်း | လိုင်စင် လျှောက် ထားရမည့် ထပ်တိုး ကုန်စည်လိုင်း | လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်ပစ္စည်းအမျိုးအမည် |
|---|---|---|---|---|
| 89 | 55 | 55 | | ရေယာဉ်နှင့် ၎င်း၏တပ်ဆင်နိုင်သော အစိတ်အပိုင်း ပစ္စည်းများ |
| 90 | 256 | 10 | 03 | နေကာမျက်မှန်အမျိုးမျိုး |
| 91 | 55 | - | 13 | လက်ပတ်နာရီအမျိုးမျိုး |
| 92 | 25 | - | | |
| 93 | 30 | 30 | | စစ်ဘက်ဆိုင်ရာအသုံးပြုသော လက်နက်ခဲယမ်း မီးကျောက်များ၊ ပစ္စတို |
| 94 | 99 | - | 65 | ပရိဘောဂပစ္စည်း၊ ကုတင်၊ မွေ့ယာ၊ ကူရှင်နှင့် အလားတူပစ္စည်းများ၊မီးအိမ်၊ မီးအလှဆင်ပစ္စည်းများ၊ ရောင်ပြန်ပစ္စည်းများ |
| 95 | 87 | 23 | | |
| 96 | 118 | 09 | 12 | မီးခြစ်အမျိုးမျိုး ၊ ဆေးလိပ်တံ |
| 97 | 08 | 04 | | |
| | | | | |
| **Total** | **11167** | **3931** | **3070** | |